# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
# ဝန်ကြီးရုံး
# ရုံးအမှတ်(၃၅)၊ နေပြည်တော်

## လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး ၁၁ နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး<br>(လစာနှုန်း၊ ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၆ နေရာ | ဘွဲ့တစ်ခုခုရရှိသူ |
| (ခ) | ရုံးအကူ/စာပို့<br>(လစာနှုန်း၊ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၂ နေရာ | တက္ကသိုလ်ဝင်တန်း အောင်မြင်သူ |
| (ဂ) | သန့်ရှင်းရေးအကူ<br>(လစာနှုန်း၊ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာမူလတန်း အောင်မြင်သူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ၃၁-၁၂-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို အမြဲတမ်းအတွင်းဝန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅) သို့ လိပ်မူပြီး အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊

(ခ) မွေးသက္ကရာဇ်/အသက်၊

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

(ဃ) လျှောက်ထားလိုသည့်ရာထူး၊

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်၊

(စ) မိဘအမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ နေရပ်လိပ်စာ၊

(ဆ) လက်ရှိနေထိုင်သည့် နေရပ်လိပ်စာ/ဖုန်းနံပါတ်၊

(ဇ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ၊

(ခ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ (တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ)၊

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊

(စ) သက်ဆိုင်ရာနယ်မြေ ရဲတပ်ဖွဲ့စခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

၅။ လစ်လပ်ရာထူးနေရာများအနက် အငယ်တန်းစာရေးရာထူးနှင့် ရုံးအကူ/စာပို့ရာထူးနေရာများအတွက် ၃-၂-၂၀၂၂ ရက် (ကြာသပတေးနေ့)၊ နံနက် ၁၀:၀၀ နာရီအချိန်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)၊ ရုံးအမှတ်(၃၅)တွင် လူတွေ့စစ်ဆေးမှု ဖြေဆိုရပါမည်။

၆။ လျှောက်လွှာကို ၁၇-၁-၂၀၂၂ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရပါမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးမှုဖြေဆိုရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အခြားအောင်လက်မှတ်များ မူရင်းတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ယဉ်ကျေးမှု) ဖုန်း-၀၆၇-၄၀၈၂၈၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝန်ကြီးရုံး(ယဉ်ကျေးမှု)**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

သို့

ဝန်ကြီးရုံး

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

ရက်စွဲ၊ – –၂၀၂၂

အကြောင်းအရာ ။ **အလုပ်တစ်နေရာလျှောက်ထားခြင်း**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ယဉ်ကျေးမှု)တွင် လစ်လပ်လျက်ရှိသော (လစာနှုန်း၊–––––––––––––––––––––––––––) ––––––––––––––––ရာထူးနေရာ၌ တာဝန်ပေးခန့်အပ်ပေးနိုင်ပါရန် တင်ပြလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် –

နိုင်ငံသားစိစစ်ရေးကတ်အမှတ် –

ဆက်သွယ်ရန်ဖုန်းနံပါတ် –

| ဓာတ်ပုံ |
|---|

## ကိုယ်ရေးအကျဉ်း

၁။ အမည် -

၂။ ငယ်အမည် -

၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

၄။ မွေးသက္ကရာဇ်/အသက် -

၅။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ -

၆။ အဘအမည်/နိုင်ငံသားစိစစ်ရေး ကတ်အမှတ်နှင့် နေရပ်လိပ်စာ -

၇။ အမိအမည်/နိုင်ငံသားစိစစ်ရေး ကတ်အမှတ်နှင့် နေရပ်လိပ်စာ -

၈။ ပညာအရည်အချင်း/အောင်မြင်သည့် ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း/ တက္ကသိုလ် -

၉။ လက်ရှိနေထိုင်သည့် နေရပ်လိပ်စာ (အပြည့်အစုံ) -

၁၀။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် -

၁၁။ အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ) -

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် -

အမည် -

နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

ဆက်သွယ်ရန်ဖုန်းနံပါတ် -